# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၄) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၃-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၀:၀၀) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၇,၉၁၈,၅၈၂) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၆၈၆,၇၀၃) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၃-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၂-၈-၂၀၂၀) | (၃-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄,၅၂၃,၈၈၈ | ၄,၅၈၂,၂၇၆ | ၅၈,၃၈၈ | ၁၅၃,၇၅၇ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၆၆၂,၄၈၅ | ၂,၇၀၇,၈၇၇ | ၄၅,၃၉၂ | ၉၃,၅၆၃ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၁,၇၅၀,၇၂၃ | ၁,၈၀၃,၆၉၅ | ၅၂,၉၇၂ | ၃၈,၁၃၅ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၅၀,၈၇၀ | ၈၅၆,၂၆၄ | ၅,၃၉၄ | ၁၄,၂၀၇ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၀၃,၂၉၀ | ၅၁၁,၄၈၅ | ၈,၁၉၅ | ၈,၃၆၆ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၄၂၄,၆၃၇ | ၄၃၄,၁၉၃ | ၉,၅၅၆ | ၄၇,၄၇၂ |
| ၇။ | ပီရူး | ၃၂.၉ | ၄၀၇,၄၉၂ | ၄၂၂,၁၈၃ | ၁၄,၆၉၁ | ၁၉,၄၀၈ |
| ၈။ | ချီလီ | ၁၈.၃ | ၃၅၇,၆၅၈ | ၃၅၉,၇၃၁ | ၂,၀၇၃ | ၉,၆၀၈ |
| ၉။ | အီရန် | ၈၂.၈ | ၃၀၆,၇၅၂ | ၃၀၉,၄၃၇ | ၂,၆၈၅ | ၁၇,၁၉၀ |
| ၁၀။ | ကိုလံဘီယာ | ၄၉.၈ | ၂၉၅,၅၈၀ | ၃၀၆,၁၈၁ | ၁၀,၆၇၃ | ၁၀,၃၃၀ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၃-၈-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၂-၈-၂၀၂၀) | (၃-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုးလူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၇၈,၃၀၅ | ၂၈၀,၀၂၉ | ၁,၇၂၄ | ၅,၉၈၄ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၃၉,၈၆၀ | ၂၄၀,၇၄၆ | ၈၈၆ | ၃,၁၅၄ |
| (ဂ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၀၉,၉၃၆ | ၁၁၁,၄၅၅ | ၁,၅၁၉ | ၅,၂၃၆ |
| (ဃ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၉၈,၂၃၂ | ၁၀၃,၁၈၅ | ၄,၉၅၃ | ၂,၀၅၉ |
| (င) | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၈,၃၀၂ | ၈၈,၄၆၀ | ၁၅၈ | ၄,၆၇၇ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၂,၅၁၂ | ၅၂,၈၂၅ | ၃၁၃ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၁၇ | ၃,၃၂၀ | ၃ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၅၉၀ | ၆၂၁ | ၃၁ | ၆ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၅၃ | ၃၅၅ | ၂ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက် ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက် လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) (လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန